JobAccess

Driving disability employment

# အချက်အလက် သတင်းလွှာ

# သင်သည် လူငယ်တစ်ဦးကို အလုပ်ခန့်ထားလိုသော အလုပ်ရှင်တစ်ဦးဖြစ်ပါသလား။

သင့်လုပ်ငန်းအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်မှာ မသန်စွမ်းလူငယ်တစ်ဦး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မသန်စွမ်းလူငယ်တစ်ဦးအားရှာဖွေ၍ အလုပ်ခန့်အပ်ထားနိုင်ရန်နှင့် လုပ်ငန်းခွင်တွင် ရေရှည်ထိန်းသိမ်းထားနိုင်ရေး တို့အတွက်သင့်အား ဩစတြေးလျအစိုးရ၏ အခမဲ့ ဝန်ဆောင်မှုများဖြင့် ကူညီပေးနိုင်ပါသည်။

**မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (DES)**သည် မသန်စွမ်းလူငယ်များအား အလုပ်ခန့်ထားရန်နှင့် ၄င်းတို့အား အလုပ်ခွင်တွင် ဆက်လက်ထားရှိစေရန်အတွက် ကူညီပေးမှု အပါအဝင် အခမဲ့ ဝန်ဆောင်မှု မျိုးစုံ ပေးနိုင်ပါသည်။ ၄င်းတို့သည် အစိုးရ အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အထောက်အပံ့များကို ပံ့ပိုးပေးရန် စာချုပ်ဖြင့်ငှားရမ်းထားသော ထောက်ပံ့ကူညီပေးသူများဖြစ်ပြီး သတ်မှတ်ချက်ပြည့်မီသောမသန်စွမ်းသူများ၊ ထိခိုက်ဒဏ်ရာ ရထားသူများ သို့မဟုတ် ကျန်းမာရေးပြဿနာတစ်ခုခုရှိသူများအတွက် အလုပ်ရှာဖွေပေးရေးနှင့် အလုပ်ခွင်တွင် ဆက်လက်ထိန်းထားနိုင်စေရန် ကူညီထောက်ပံ့ပေးပါသည်။

**လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (CDP)** မှ သင်သည် ဩစတြေးလျနိုင်ငံ၏ ဝေးလံသောဒေသတွင် နေထိုင်သူဖြစ်ပြီး မသန်စွမ်းလူငယ်တစ်ဦးအား အလုပ်ပေးရန် ရှာဖွေနေပါက သင့်လျော်သော မသန်စွမ်း ဝန်ထမ်းတစ်ဦးရရှိရန် သင့်အား ကူညီပေးနိုင်ပါသည်။

**လုပ်ငန်းခွင်အတွင်း ပညာသင်ကြားခြင်း၊ အလုပ်သင်နှင့် သင်တန်းများ**သည် သင့်စီးပွားလုပ်ငန်းနယ်ပယ်အရ သီးသန့် လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိစေရေးအတွက် ဝန်ထမ်းများအား ဆွဲဆောင်နိုင်ရန်၊ လေ့ကျင့် သင်တန်းပေးရန်နှင့် လုပ်ငန်းခွင်တွင် ဆက်လက် ထိန်းသိမ်းထားနိုင်ရန်အတွက် နည်းလမ်းကောင်းတစ်ခု ဖြစ်နိုင်ပါသည်။

- **ဩစတြေးလျနိုင်ငံ၏ အလုပ်ပညာသင်ဆုမှာ** သင်နှင့် ဝန်ထမ်း နှစ်ဦးစလုံး၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် ပြုပြင်ပြောင်းလဲလွယ်အောင် စီစဉ်ထားခြင်းဖြစ်သည်။
- **ဩစတြေးလျ မသန်စွမ်းအလုပ်ပညာသင်ဆုဆိုင်ရာ လုပ်အားခ ထောက်ပံ့မှု (DAAWS)** အစီအစဉ်မှာ သင်၏ မသန်စွမ်းသော အလုပ်သင်အား ၄င်းတို့၏ အလုပ်သင်ကာလကို အပြည့်အဝတက်ရောက်နိုင်စေရန် သင့်အနေနှင့် သေချာစေရေးအတွက် သင့်အား ကူညီပေးနိုင်သော ထောက်ပံ့ငွေဖြစ်သည်။ အကယ်၍ သင်၏ ဩစတြေးလျနိုင်ငံသား အလုပ်သင်မှာ ၄င်းတို့၏ အလုပ်သင်ကာလ သို့မဟုတ် လေ့ကျင့်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မသန်စွမ်းဖြစ်သွားခဲ့လျှင်လည်း DAAWS အစီအစဉ်ကိုရယူ အသုံးပြုနိုင်ပါသည်။

ဤဝန်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များပိုမို သိရှိလိုပါက JobAccess ၏ ဝက်ဘ်ဆိုဒ် www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်အား ဖုန်း 1800 464 800 သို့ ခေါ်ဆို ဆွေးနွေးနိုင်ပါသည် - မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**